## သင်တန်းသားထောက်ပံ့ကြေး

သင်တန်းသားတစ်ဦးအတွက်

- စားသောက်စရိတ်တစ်လလျှင် ကျပ် ၃၀၀၀၀ နှုန်း
- ဝတ်စုံစရိတ် တစ်နှစ်အတွက် ကျပ် ၂၅၀၀၀ နှုန်း

နယ်ဝေးမှတက်ရောက်သူများအတွက် အဆောင်စီစဉ်ပေးမည်။

## သင်တန်းမှရရှိမည့်အကျိုးကျေးဇူး

- စာရင်းရေး စာရင်းကိုင်ပညာရပ်အား အခြေခံကျကျ သိရှိနားလည် တတ်ကျွမ်းစေခြင်း၊
- ခေတ်မီစီမံခန့်ခွဲမှုပညာနှင့် ကွန်ပျူတာစာရင်းကိုင်ပညာရပ်များ တတ်ကျွမ်းစေခြင်း၊
- အစိုးရအဖွဲ့အစည်းများ သမဝါယမဆိုင်ရာ အဖွဲ့အစည်းများ ပြင်ပပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းများနှင့် ကုမ္ပဏီများတွင် အလုပ်လျှောက်ထားရာ၌ အထောက်အကူဖြစ်စေခြင်း၊

## သင်ကြားမည့်အစီအစဉ်

- သင်တန်းကာလမှာ ၂ နှစ်ဖြစ်သည်။
- စာသင်နှစ်ကာလမှာ အခြေခံပညာကျောင်းများ နည်းတူ ဇွန်လဆန်းမှ ဖေဖော်ဝါရီလထိ ဖြစ်သည်။
- ပညာသင်နှစ်တစ်နှစ်အတွင်း လပတ်စာမေးပွဲအနည်းဆုံး (၆)ကြိမ်ရှိမည်။
- ကျောင်းခေါ်ချိန် ၇၅ % ပြည့်မီပြီး Internship Period ကို အပြည့်အဝဆင်းနိုင်သူ၊ စာမေးပွဲများတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ရမှတ် (၄၀)နှင့်အထက်ရသူများကိုသာ **Diploma** ချီးမြှင့်မည်။
- သင်တန်း ကာလအတွင်း လုပ်ငန်းခွင် အတွေ့အကြုံကိုပါ တစ်ပါတည်း ရရှိစေရေးအတွက် Internship Period များ ထည့်သွင်းရေးဆွဲထားပြီး သမဝါယမအသင်းများနှင့် စီးပွားရေး အဖွဲ့အစည်းများသို့ အလုပ်သင်အဖြစ် စေလွှတ် ပေးမည်။
- သင်တန်းသားများ၏ Internship Period နှင့် သင်တန်းအပြီး အလုပ်အကိုင်ပါတစ်ပါတည်း ရရှိစေရေးအတွက် စီးပွားရေး လုပ်ငန်းရှင်များ နှင့် သမဝါယမအသင်းများကို ဖိတ်ခေါ်ပြီး Job Fair များ ပြုလုပ်ဆောင်ရွက်မည်။

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
# သမဝါယမဦးစီးဌာန

## သမဝါယမစာရင်းရေးစာရင်းကိုင်နှင့် သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)






ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးနှင့်
အနော်ရထာလမ်းထောင့်
Hotel La Vista အနီး၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၀၈၁-၂၁၂၁၃၂၀

## သင်တန်း၏ ရည်ရွယ်ချက်

- ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသူများကို စာရင်းရေး၊ စာရင်းကိုင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန်၊
- သင်တန်းသားများအနက် ထူးချွန်သူများကို ရွေးချယ်၍ သမဝါယမကောလိပ်များနှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များ သို့ ပေါင်းကူး၍ ပညာဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန်။

## သင်တန်းအောင်လက်မှတ်

- သင်တန်းပြီးဆုံးအောင်မြင်သူများအား သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာညွှန်ကြားမှုအဖွဲ့မှ Diploma in Business Accounting ပေးအပ်ချီးမြှင့်မည် ဖြစ်ပါသည်။

## သင်ကြားမည့်ဘာသာရပ်

**သမဝါယမစာရင်းရေးစာရင်းကိုင်နှင့်သက်မွေးပညာ (၂)နှစ်သင်တန်း**

**ပထမနှစ်**

- Business Accounting
- Fundamentals of ICT
- သမဝါယမပညာ
- မြန်မာစာ
- အင်္ဂလိပ်စာ
- သင်္ချာ
- ဘောဂဗေဒ



**ဒုတိယနှစ်**

- Cost Accounting
- Financial Accounting
- Computerized Accounting
- Business Organization and Management
- သမဝါယမစာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း
- အင်္ဂလိပ်စာ
- သင်္ချာ
- ဘောဂဗေဒ



## ဝင်ခွင့်အရည်အချင်း

- အနည်းဆုံး အခြေခံပညာအဋ္ဌမတန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။

## သင်တန်းကာလနှင့်သင်တန်းသားဦးရေ

- သင်တန်းကာလ (၂)နှစ်၊
- တစ်ကြိမ်လျှင် သင်တန်းသားဦးရေ (၅၀)ဦးမှ (၁၀၀)ဦး အထိ၊

## ပညာဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်း

- သမဝါယမစာရင်းရေး၊ စာရင်းကိုင်နှင့် သက်မွေးပညာသင်တန်း ပြီးဆုံးအောင်မြင်သူများ အနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကို သမဝါယမဒီဂရီကောလိပ်များ နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူး၍ ဆက်လက်ပညာသင်ကြားနိုင်မည့်အခွင့်အလမ်းများ ရရှိနိုင်ခြင်း။